# သင်၏ ငွေကြေး၊ သင်၏ အနာဂတ်

## ကျောင်းသားများအတွက် လက်တွေ့အသုံးချ ငွေကြေးလမ်းညွှန်



VISA | Practical Money Skills

## သင့်ကိုယ်ပိုင်ငွေကြေးအတွက် အကောင်းဆုံး အရာတစ်ခုမှာ ယင်းအား မည်သို့ အသုံးပြုရန် ရွေးချယ်ခွင့် ရရှိခြင်းဖြစ်သည်။

သင့်အနေဖြင့် အပတ်စဉ် ခွင့်ပြုငွေ သို့မဟုတ် အိမ်နီးချင်း၏ ခွေးတစ်ကောင်အား ထိန်းကျောင်းပေးခြင်းဖြင့် ငွေ ရရှိသည်ဖြစ်စေ သင့်ငွေကြေးကို ကောင်းမွန်စွာ ကိုင်တွယ်နိုင်ရေးအတွက် ပထမဆုံး နည်းလမ်းတစ်ရပ်မှာ ရေတိုနှင့် ရေရှည် ရည်မှန်းချက်များကို ကောင်းစွာစဉ်းစားထားရန် ဖြစ်သည်။ ထို့နောက် ရည်မှန်းချက်များ ရရှိစေရန်အတွက် အစီအစဉ်တစ်ရပ် ချမှတ်ပါ။ သင့်ငွေကြေးကို ထိန်းသိမ်းနိုင်ရေးအတွက် အလေ့အကျင့်အနည်းငယ် လိုအပ်ပါသည်။ စက်ဘီးစီးရန်အတွက် လေ့ကျင့်ရန် အချိန်ယူရသကဲ့သို့ပင် ဖြစ်သည်။ သို့ရာတွင် သင့်အနေဖြင့် ယင်းကို ထိန်းကျောင်းနိုင်သည်နှင့် တစ်ပြိုင်နက် ငွေကြေးဆိုင်ရာ လှည့်စားမှုများနှင့် အပြောင်းအလဲများ အားလုံးကို ကိုင်တွယ်ဖြေရှင်းရန် အဆင်သင့် ဖြစ်ပါလိမ့်မည်။ ယခု ငွေကြေးလမ်းညွှန်တွင် ဝင်ငွေရှာဖွေရန်၊ စုဆောင်းရန်၊ ဘဏ္ဍာစာရင်းရေးဆွဲရန်၊ သုံးစွဲရန်၊ ချေးယူရန်၊ ကာကွယ်ရန်နှင့် ပေးကမ်းရန် စသည်တို့ကို လေ့လာနိုင်ပါသည်။

# မာတိကာ


အခန်း ၁။ ဝင်ငွေရရှိခြင်း ........................ 2

အခန်း ၂ - စုဆောင်းမှု ........................ 8

အခန်း ၃ - ငွေစာရင်း ........................ 14

အခန်း ၄ - သုံးစွဲခြင်း ........................ 22

အခန်း ၅ - ချေးယူခြင်း ........................ 28

အခန်း ၆ - ထိန်းသိမ်းခြင်း ........................ 34

အခန်း ၇ - ပေးကမ်းမှု ........................ 40

နိဂုံးချုပ် ........................ 46

# ဝင်ငွေရရှိရန် လေ့လာပါ။



# ပိုမို ကျွမ်းကျင်ရန် ကြိုးစားပါ။

## ဝင်ငွေရရှိခြင်းသည် အမြော်အမြင်ရှိသည့် ငွေကြေးစီမံခန့်ခွဲခြင်း၏ အစပထမလမ်းကြောင်းဖြစ်ပြီး အောင်မြင်သော အနာဂတ်ကိုလည်း တည်ဆောက်နိုင်မည်ဖြစ်သည်။

ကျွန်ုပ်တို့အားလုံးတွင် မတူညီသော အရည်အချင်းများနှင့် စွမ်းရည်များရှိကြသည်။ အချိန်ယူကာ မိမိ၏ အားသာချက်များကို နားလည်သိရှိပြီး၊ ကျွမ်းကျင်မှုများကိုလည်း မြှင့်တင်ရန် အရေးကြီးသည်။ သို့မှသာ မိမိလုပ်ဆောင်သည့် အရာများတွင် သာလွန်ကောင်းမွန်နေမည်ဖြစ်သည်။ ပညာရေးနှင့် စိတ်ဝင်စားများပေါ်အခြေခံသည့် ရင်းနှီးမြှုပ်နှံခြင်းသည် အောင်မြင်ရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိစေသည်။

ဖော်ပြပါမေးခွန်းများကို မိမိကိုယ်မိမိ မေးမြန်းခြင်းဖြင့် မည်သည့် အသက်မွေးဝမ်းကြောင်း သို့မဟုတ် အလုပ်အကိုင်တွင် လုပ်ကိုင်လိုသည်ကို စဉ်းစားရန်အတွက် အထောက်အကူပြုပါလိမ့်မည်။

| မည်သည့် အကြောင်းအရာများကို စိတ်ဝင်စားပါသနည်း။ |
|---|
| ၁။ |
| ၂။ |
| ၃။ |

| မည်သည့်အရာများတွင် အားသာပါသနည်း။ |
|---|
| ၁။ |
| ၂။ |
| ၃။ |

| မည်သည့်အရာများကို နှစ်သက်စွဲလမ်းပါသနည်း။ |
|---|
| ၁။ |
| ၂။ |
| ၃။ |

| မည်သည့်အရာများကို ဝါသနာပါ ပါသနည်း။ |
|---|
| ၁။ |
| ၂။ |
| ၃။ |



### သင်သိပါသလား။

မြန်မာနိုင်ငံတွင် အသက် ၁၄ နှစ်မှစတင်ကာ တရားဝင်အလုပ် လုပ်ကိုင်နိုင်ပါသည်။

# ကြီးမားသော စိတ်ကူးများ၊ ကြီးမားသော ငွေကြေးအလုံးအရင်း

## သင်နှစ်သက်သော အရာကို လုပ်ကိုင်ခြင်းဖြင့် ဝင်ငွေရရှိသော လုပ်ငန်းရှင်တစ်ယောက် ဖြစ်လာနိုင်ပါသည်။

လုပ်ငန်းရှင်တစ်ယောက်ဖြစ်ခြင်းဆိုသည်မှာ မိမိ၏ ကျွမ်းကျင်မှုများ၊ စိတ်ဝင်စားမှုများနှင့် တမူထူးခြားသည့် စိတ်ကူးစိတ်သန်းများဖြင့် ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်ခြင်းပင်ဖြစ်ပါသည်။ ကြိုးစားလုပ်ကိုင်ခြင်းဖြင့် မည်သူမဆို လုပ်ငန်းရှင်တစ်ယောက်ဖြစ်လာနိုင်သည်။ ဆယ်ကျော်သက်များစွာသည် ၎င်းတို့နေအိမ်များ၌ပင် အံ့သြဖွယ် စီးပွားရေးလုပ်ငန်းများကို တည်ထောင်ထားခဲ့ကြပါသည်။ အချို့သည် ကလေးငယ်များကို စာသင်ပြခြင်းဖြင့်လည်းကောင်း၊ လက်မှုပစ္စည်းများကို online ပေါ်မှတစ်ဆင့် ရောင်းချခြင်းဖြင့်လည်းကောင်း၊ အစားအသောက်များကို စီမံ၍ တည်ခင်းဧည့်ခံပေးသည့် ဝန်ဆောင်မှု ပေးခြင်းဖြင့်လည်းကောင်း စတင်လုပ်ကိုင်ကြသည်။



ကွန်ပျူတာကို ကျွမ်းကျင်စွာ အသုံးပြုနိုင်ပါသလား။

အခြားသူများကို ကွန်ပျူတာအသုံးနည်း သင်ကြားပေးပါ။



သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်၍ စိတ်ဝင်စားပါသလား။

သင့်နေအိမ်နှင့် အနီးပတ်ဝန်းကျင်တွင် ပြန်လည်အသုံးပြုနိုင်သည့် အရာများကို စုဆောင်းပါ။



တိရစ္ဆာန်များကို ချစ်ခင်ပါသလား။

အိမ်မွေးတိရစ္ဆာန် ထိန်းကြောင်းသည့်လုပ်ငန်းကို စတင်ပါ။

သင်၏ စိတ်ဝင်စားမှုများနှင့် ကျွမ်းကျင်မှုများအပေါ်အခြေခံ၍ စီးပွားရေးလုပ်ငန်းအသစ်တစ်ခုကို စတင်ရာတွင် အတိုင်းထက်အလွန် အောင်မြင်မှုရနိုင်ပါသလား။

| စီးပွားရေးလုပ်ငန်းစိတ်ကူးများ |
|---|
| ၁။ |
| ၂။ |
| ၃။ |

# သင်၏ အသက်မွေးဝမ်းကြောင်းဆိုင်ရာ လမ်းကြောင်းကို ပုံဖော်ပါ။

ကလေးဘဝတွင် ဆိုင်ခံ့တစ်ခုခင်း၍ အဒေါ်းရောင်းကာ ဝင်ငွေရှာခဲ့ဖူးလိမ့်မည်။ သို့သော် လူကြီးတစ်ယောက်ဖြစ်လာသည့်အခါ အနာဂတ်တွင် ဝင်ငွေ ရရှိရန်အတွက် မည်ကဲ့သို့ လုပ်ကိုင်လိုပါသနည်း။

မည်သို့စတင်ရန် မသေမချာ ဖြစ်နေပါသလား။ ကျောင်းစာကြည့်တိုက်နှင့် အလုပ်အကိုင်အဖွဲ့များသည် သင်၏ စိတ်ဝင်စားမှုများနှင့် အလားအလာရှိသော အလုပ်အကိုင်များကို ရှာဖွေသုံးသပ်ရန်အတွက် အလွန်ကောင်းမွန်သော နေရာများဖြစ်သည်။ သင့်အနေဖြင့် အသက်မွေးဝမ်းကျောင်းတစ်ရပ်ကို ချက်ချင်းရွေးချယ်ရန် မလိုအပ်ပါ။ ထို့အတွက် စိတ်ဝင်စားမှု နယ်ပယ်တစ်ခုတည်းတွင် သင့်ကိုယ်သင် ကန့်သတ်မထားပါနှင့်။

ကျွမ်းကျင်မှုပိုမိုမြင့်မားလာစေရန် အားထုတ်ပြီး ဒေသတွင်း လူမှုရေးရာဌာနများတွင် အလားအလာရှိသော အသက်မွေးဝမ်းကျောင်း အလုပ်များအကြောင်း လေ့လာသင်ယူပါ။

သင့်အနေဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ခုကို စဉ်းစားခြင်း မရှိသေး ပါကလည်း ကြိုတင်စီစဉ်ခြင်းသည် သင့်အား အလုပ်ဖြစ်စေရန် ကူညီနိုင်ပါလိမ့်မည်။ သင့် ဦးနှောက်ကို အသုံးချ စဉ်းစားဆင်ခြင်စေခြင်းဖြင့် အနာဂတ်တွင် သင်လုပ်ကိုင်လိုသော အသက်မွေးဝမ်းကျောင်း အလုပ် သုံးခုကို ဖော်ထုတ်နိုင်ပါလိမ့်မည်။ သုတေသနအနည်းငယ် ပြုလုပ်ပြီး၊ အလုပ်အကိုင် တစ်ခုစီအတွက် ကနဦး ပျမ်းမျှလစာကို သတ်မှတ်ပါ။ မည်သည့် လမ်းကြောင်းကို သင်ရွေးချယ်မည်နည်း။

| အလားအလာရှိသော အသက်မွေးဝမ်းကြောင်း | လစာ |
|---|---|
| ၁။ | MMK |
| ၂။ | MMK |
| ၃။ | MMK |

သင့် စိတ်ဝင်စားမှုများနှင့် ကျွမ်းကျင်မှုများကို အခြေခံကာ အလားအလာရှိသော အလုပ်အကိုင်များ အကြောင်းကို စဉ်းစားကြည့်လိုက်ပါ။ သင့်ရည်မှန်းချက်များ ရောက်ရှိစေရန်အတွက် နွေရာသီ အားလပ်ရက် သို့မဟုတ် ကျောင်းချိန်နောက်ပိုင်းတွင် မည်သည့် အချိန်ပိုင်းအလုပ်များကို စတင်လုပ်ကိုင်နိုင်ပါသနည်း။

| သင်မည်ကဲ့သို့ ဝင်ငွေ စတင်ရရှိနိုင်ပါသနည်း။ |
|---|
| ၁။ |
| ၂။ |
| ၃။ |

# အမှန် သို့မဟုတ် အမှား

၁။

အရွယ်ရောက်ပြီးသူများသာလျှင် လုပ်ငန်းရှင်များ ဖြစ်နိုင်ပါသည်။ — အမှန် / အမှား

၂။

သင့် အလုပ်အကိုင်ကို စီမံကိန်း ချရာတွင် သင့် ပုဂ္ဂိုလ်ရေး ဆိုင်ရာ စိတ်ဝင်စားမှုများ၊ ကျွမ်းကျင်မှုများနှင့် ရည်မှန်းချက်များကို အကဲဖြတ်မှုနှင့် စတင်ရမည်။ — အမှန် / အမှား

၃။

လုပ်ငန်းရှင် တစ်ဦးသည် သူ သို့မဟုတ် သူမ၏ ကိုယ်ပိုင် စီးပွားရေးကို စတင်လုပ်ကိုင်သူ တစ်ဦး ဖြစ်သည်။ — အမှန် / အမှား

၄။

သင့် ကျွမ်းကျင်မှုများကို တည်ဆောက်ရန် ပညာရေးသည် အရေးမကြီးပါ။ — အမှန် / အမှား

၅။

သင့် စီးပွားရေး စိတ်ကူးအတွက် အကြံဉာဏ် ရရှိရန် နည်းလမ်း တစ်ခုမှာ အကြံပေးနိုင်သည့် သူတစ်ဦးကိုရှာရန် ဖြစ်သည်။ — အမှန် / အမှား

အဖြေ ။ ၁ ။ မှား ၊ ၂ ။ မှန် ၊ ၃ ။ မှန် ၄ ။ မှား ၅ ။ မှန်



ဝင်ငွေ စတင်ရရှိရန်
သင်အဆင်သင့် ဖြစ်နေပါပြီ။

# စုဆောင်းမှု အသိပညာများ ရယူပါ။



# အကျင့်တစ်ခုဖြစ်အောင် လုပ်ဆောင်ပါ။

## သင့်ငွေကြေးနှင့် ကောင်းမွန်သော ရွေးချယ်မှုများကို လုပ်ဆောင်ခြင်းသည် ဘဏ္ဍာရေးဆိုင်ရာ ခိုင်မာမှုရှိစေရန် ပထမအဆင့်ပင်ဖြစ်သည်။

စုဆောင်းရန် အလွယ်ဆုံး နည်းလမ်းမှာ သင့်ကိုယ်ကို ဦးဆုံး ငွေပေးဆပ်ခြင်းပင် ဖြစ်သည်။ ဆိုလိုသည်မှာ သင်ရရှိသော ဝင်ငွေမှ ပမာဏ တစ်ခုကို သီးသန့်ဖယ်ထားကာ စုငွေစာရင်းတစ်ခုတွင် စုဆောင်းထားနိုင်ပါသည်။ အောင်မြင်စွာ ငွေစုဆောင်းနိုင်ရေး သော့ချက်မှာ ပုံမှန် အလေ့အကျင့်တစ်ခု အနေဖြင့် လုပ်ဆောင်ခြင်း ဖြစ်သည်။ စောစီးစွာနှင့် မကြာခဏ စုဆောင်းခြင်းဖြင့် သင့်အတွက် ပိုမို တောက်ပသော ငွေကြေး အနာဂတ်တစ်ရပ်ကို ဖန်တီးရာ ရောက်ပါလိမ့်မည်။

မိုးရွာသော (အခက်အခဲဖြစ်နိုင်သည့်) နေ့တစ်နေ့အတွက် ငွေစုဆောင်းထားရန် အရေးကြီးပါသည်။ အကြောင်းမှာ သင့် ကွန်ပျူတာ လက်ပ်တော့ ကွဲသွားခြင်းကဲ့သို့သော မမျှော်လင့်သော ကုန်ကျစရိတ်များအတွက် သင် ငွေလိုအပ်နိုင်သောကြောင့် ဖြစ်သည်။ သင်လက်ခံရရှိသော ငွေကြေး အချို့ကို အမျိုးမျိုးသော သင့်ရည်မှန်းချက်များအတွက် ဘေးဖယ်စုဆောင်းထားနိုင်ပါသည်။ ရည်မှန်းချက်များမှာ ရေတို၊ ရေရှည်နှင့် အလယ်အလတ်ကာလ ရည်မှန်းချက်များအဖြစ် အမျိုးအစားများ ခွဲခြားနိုင်ပါသည်။ အချိန်ကာလတစ်ခုအတွင်း ငွေများကို သင် စုဆောင်းခြင်းဖြင့် သင့်ရည့်မှန်းချက်များကို ရောက်ရှိနိုင်ပါသည်။



**ရေတိုကာလ**

အနုပညာပစ္စည်းများ
ဂီတတူရိယာပစ္စည်းများ
အားကစား
အသုံးအဆောင်များ



**အလယ်အလတ်ကာလ**

ဖုန်း တက်ဘလက်၊ စမတ်ဖုန်း
သို့မဟုတ် လက်တော့
ကွန်ပျူတာ
အားလပ်ရက်အတွင်း
သုံးစွဲရန် ငွေကြေး
စက်ဘီး အသစ်




**ရေရှည် ကာလ**

ကောလိပ်ကျောင်းစရိတ်
အာကာသစခန်း
လေ့လာရေး
ကားဝယ်ရန်



### သင် သိပါသလား။

တစ်ပတ်လျှင် ကျပ် ၅,၀၀၀ စုဆောင်းပါက နှစ်ကုန်သည့်အခါ ကျပ် ၂၆၀,၀၀၀ သင်ရရှိမည် ဖြစ်သည်။

# သင်၏ ငွေစုဆောင်းရန် ကျွမ်းကျင်မှုများကို ပိုမို ထက်မြက်ပါစေ။

## သင်အနေဖြင့် ဝင်ငွေများ ရရှိပြီးများမကြာမီ အားလုံးကို သုံးစွဲလိုစိတ် ရှိကောင်း ရှိပါလိမ့်မည်။ သို့ရာတွင် အဆိုပါ ပမာဏအစိတ်အပိုင်းတစ်ရပ်ကို စုဆောင်းပါက ရေရှည်တွင် သင့်အတွက် ပိုမိုကောင်းမွန်လိမ့်မည် ဖြစ်သည်။

ရေတို၊ ရေရှည်နှင့် အလယ်အလတ်ကာလ ရည်မှန်းချက်များအတွက် ငွေစုဆောင်းမှုအကြောင်းကို သုံးသပ်ကြည့်ကာ ရည်မှန်းချက်တစ်ရပ်စီ ရောက်ရှိရန်အတွက် တစ်လလျှင် ငွေမည်မျှ စုဆောင်းမည်ကို ဆုံးဖြတ်ပါ။ ရည်မှန်းချက်များအတွက် သင်လစဉ် စုဆောင်းမည့် ငွေပမာဏသည် အဆိုပါ လတွင် သင်ရရှိသည့် ဝင်ငွေထက် ပိုမို မများပြားနိုင်သည်ကို သတိရပါ။ ထို့နောက် သင်အပတ်စဉ် စုဆောင်းမည့် ငွေဖြင့် သင့် ရည်မှန်းချက် ရောက်ရှိရန်အတွက် သင်မည်မျှကြာ စုဆောင်းရမည်ကို သိရှိနိုင်ရန် တွက်ချက်ပါ။

### ရေတို ရည်မှန်းချက် ( တစ်လ)

မည်သည့်အရာအတွက် သင် စုဆောင်းနေပါသနည်း။ ______________________

| ရည်မှန်းထားသော ကုန်ကျစရိတ် | | အပတ်စဉ် စုဆောင်းငွေများ | | သင့်ရည်မှန်းချက်များကို ရောက်ရှိရန် လိုအပ်သည့် အချိန် |
|---|---|---|---|---|
| MMK | ÷ | MMK | = | /ရက်သတ္တပတ်များ |

### အလယ်အလတ် ကာလ ရည်မှန်းချက်များ ( ၂ လမှ ၁၂ လ အထိ)

မည်သည့်အရာအတွက် သင် စုဆောင်းနေပါသနည်း။ ______________________

| ရည်မှန်းထားသော ကုန်ကျစရိတ် | | လစဉ် စုဆောင်းငွေများ | | သင့်ရည်မှန်းချက်များကို ရောက်ရှိရန် လိုအပ်သည့် အချိန် |
|---|---|---|---|---|
| MMK | ÷ | MMK | = | /လများ |

### ရေရှည် ရည်မှန်းချက် ( တစ်နှစ် ကျော်ကြာ)

မည်သည့်အရာအတွက် သင် စုဆောင်းနေပါသနည်း။ ______________________

| ရည်မှန်းထားသော ကုန်ကျစရိတ် | | လစဉ် စုဆောင်းငွေများ | | သင့်ရည်မှန်းချက်များကို ရောက်ရှိရန် လိုအပ်သည့် အချိန် |
|---|---|---|---|---|
| MMK | ÷ | MMK | = | /လများ |

# သင့်ငွေကြေး တိုးပွားမှုကို စောင့်ကြည့်ပါ။



ငွေစုစာရင်းများသည် သင်၏ ငွေကြေးကို ဘေးကင်းလုံခြုံစေရန်နှင့် အတိုးငွေများဖြင့် တိုးပွားစေရန်အတွက်ဖြစ်သည်။ စာရင်းတစ်ခု ဖွင့်လှစ်ကာ မည်သည့် အသက်အရွယ်၌မဆို သင့် မိဘများ၏ အကူအညီနှင့် စတင်စုဆောင်းနိုင်ပါသည်။



ဘဏ်ရှိ သင့်စုငွေများကို ထုတ်ယူခြင်း မပြုဘဲ အချိန်ပိုကြာကြာ အပ်နှံထားပါက သင့် ငွေကြေး ပိုမိုတိုးပွားလာမည်ဖြစ်သည်။ သင့်ငွေစုစာရင်းမှ ငွေကြေး မည်မျှ မကြာခဏ ထုတ်ယူသင့်သည်ကို သင် ကန့်သတ်ထားသင့်ပါသည်။ အမှန်တစ်ကယ် လိုအပ်သည့် အခါမှသာ ထုတ်ယူသင့်ပါသည်။



ထပ်ပေါင်း အတိုးဆိုသည်မှာ သင်စုဆောင်း ထားသော ငွေ အပေါ်နှင့် သင်ရရှိသော အတိုးနှစ်ရပ်ပေါင်း အပေါ် တွင် အတိုးရရှိခြင်းကို ဆိုလိုသည်။



ငွေစုစာရင်းအတွက် ပျမ်းမျှအတိုးနှုန်းမှာ လက်ရှိတွင် ၀.၀၆ ရာခိုင်နှုန်း ဖြစ်ပြီး၊ ငွေကြေးအဖွဲ့အစည်းများနှင့် အချိန်အခါပေါ်မူတည်ကာ ပြောင်းလဲမှု ရှိနိုင်ပါသည်။ တစ်ပတ်လျှင် အနည်းငယ်စီ စုဆောင်းပါက သင့်စုဆောင်းငွေသည် အချိန်ကြာ လာသည်နှင့်အမျှ အတိုးနှင့်ပေါင်းကာ တိုးပွားလာမည် ဖြစ်သည်။

## ထပ်ပေါင်းအတိုး အလုပ်လုပ်ခြင်း

အကယ်၍ တစ်လလျှင် ကျပ် ၆၀၀ ကို ၁ ရာခိုင်နှုန်း အတိုးနှုန်းဖြင့် လစဉ် အပ်နှံသည်ဆိုပါက တစ်နှစ်လျှင် သင်ရရှိမည့် အတိုးသည် သင့် စုဆောင်းငွေကို တိုးပွားစေရန် ကူညီပါလိမ့်မည်။ တစ်ရာခိုင်နှုန်း အတိုးဖြင့် သင့်စုဆောင်းငွေများကို သုံးနှစ်ကြာ စုဆောင်းထားသည့်အခါ ထပ်ပေါင်းအတိုးဖြင့် မည်မျှ တိုးပွားလာမည်ကို ကြည့်ပါ။

| နှစ် | ငွေလက်ကျန် | လက်ကျန်နှင့် အတိုး |
|---|---|---|
| ၁ | MMK ၆၀၀ | MMK ၆၀၃.၂၆ |
| ၂ | MMK ၁၂၀၀ | MMK ၁၂၁၂.၅၈ |
| ၃ | MMK ၁၈၀၀ | MMK ၁၈၇၈.၀၂ |

# အမှန် သို့မဟုတ် အမှား

၁။ သင့် ငွေများကို ငွေစုစာရင်းတွင် အချိန်ပိုကြာကြာထားလေလေ၊ သင်ဝင်ငွေ ပိုမို ရရှိလေဖြစ်မည်။ — အမှန် / အမှား

၂။ သင့်ငွေကြေးကို စုဆောင်းရန် အလွယ်ကူဆုံးမှာ သင့်ကိုယ်ကို ငွေပေးဆပ်ခြင်းပင် ဖြစ်သည်။ — အမှန် / အမှား

၃။ ထပ်ပေါင်းအတိုးမှာ သင်ရသည့် အတိုးအပေါ်တွင် ရရှိသည့် အတိုးနှင့် စုဆောင်းငွေပေါ်တွင် ရရှိသည့် အတိုး နှစ်ရပ်ပေါင်း ဖြစ်သည်။ — အမှန် / အမှား

၄။ သင်ငွေ ပိုမို စုဆောင်းလေလေ အတိုးနှုန်းသည် ပိုမို လျော့နည်းလာလေဖြစ်သည်။ — အမှန် / အမှား

၅။ ကောလိပ်ကျောင်းအတွက် ရန်ပုံငွေသည် ရေတိုရည်မှန်းချက်အတွက် နမူနာတစ်ရပ်ဖြစ်သည်။ — အမှန် / အမှား

အဖြေ။ ၁။ မှန် ၂။ မှန် ၃။ မှန် ၄။ မှား ၅။ မှား



သင်သည် အမြော်အမြင်ရှိသည့် ငွေစုဆောင်းသူ
တစ်ရပ် ဖြစ်ပါသည်။

အခန်း ၃ - ငွေစာရင်း

# ဘဏ္ဍာငွေ တည်ဆောက်သူ



# ဤသည်မှာ နှစ်ဖက်ညီမျှစွာချိန်ဆကြည့်ရသည့် လုပ်ဆောင်ချက်တစ်ရပ် ဖြစ်သည်။

သင့်အနေဖြင့် ဂျာကင်တစ်ခုကို ဝယ်ယူရန်လိုအပ်လျက်ရှိသည်။ ဖုန်းအသစ်တစ်လုံးကိုလည်း ဝယ်ယူလိုသည်။ မည်ကဲ့သို့ ရွေးချယ်မည်နည်း။ သင်၏ ငွေကို မည်ကဲ့သို့သုံးစွဲမည်ဆိုသည့် ကောင်းမွန်သော ဆုံးဖြတ်ချက်များချမှတ်ရန်အတွက် ငွေကြေးဆိုင်ရာ ရည်မှန်းချက်များထားရှိပြီး စိတ်ကူးနှင့် အစီအစဉ်ရေးဆွဲကာ အောင်မြင်မှုရစေရန် စတင်ဆောင်ရွက်ပါ။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ငွေစာရင်းရေးဆွဲခြင်းဆိုသည်မှာ ရရှိသောဝင်ငွေကို စုဆောင်းငွေများ ၊ အသုံးစရိတ်များ (နေ့လယ်စာ၊ ဘတ်စ်ကားခ သို့မဟုတ် အပန်းဖြေစရိတ်) သို့မဟုတ် (ချေးယူ ထားသောငွေ) အကြွေးများ အစရှိသည်တို့ကို ခွဲဝေပြင်ဆင်ပေးနိုင်သည့် အထောက်အကူပြု အစီအစဉ်တစ်ရပ်ဖြစ်သည်။ ငွေစာရင်းတစ်ရပ်ကို ရေးဆွဲသည့်အခါတွင် သင့်အတွက် လိုအပ်သောအရာနှင့် လိုချင်သောအရာ နှစ်မျိုးကွာဟချက်ကို ခွဲခြားနားလည်ရန် အရေးကြီးပါသည်။

## လိုအပ်ချက်များ



## လိုလားချက်များ



လိုအပ်ချက်များကို ဦးစားပေးဖြည့်ဆည်းရန် သတိထားပါ။ ထိုအခါ သင်လိုချင်သောအရာအတွက် ငွေစုဆောင်းရန် စဉ်းစားနိုင်ပါသည်။ ငွေစာရင်းထားရှိခြင်းသည် လက်တလော လိုအပ်ချက်နှင့် လိုလားချက်များကို သုံးသပ်ရာတွင်သာမက ရေရှည်ငွေကြေးဆိုင်ရာရည်မှန်းချက်များကို ပြည့်ဝစေရန်လည်း အထောက်အကူပြုပါသည်။ ရက်သတ္တပတ်အနည်းငယ်အတွင်း ပြည့်ဝနိုင်သည့် ရေတိုရည်မှန်းချက်များရှိနိုင်သလို နှစ်နှင့်ချီအချိန်ယူရမည့် ရေရှည်ရည်မှန်းချက်များလည်း ရှိနိုင်ပါသည်။

# အားလုံး စုပေါင်းပါဝင်ပါသည်။

## အချိန်ကာလတစ်ခုအတွင်း သင် မည်သို့သုံးစွဲလိုသည်။

စုဆောင်းမည်ဆိုသည်ကို ရည်မှန်းချက်များချမှတ်ကာ ဘဏ္ဍာငွေ စာရင်းတစ်ခုကို စတင်ရေးဆွဲလိုက်ပါ။ သင် အလိုရှိသောအရာများနှင့် လိုအပ်သောအရာများကို စဉ်းစားပြီး၊ အုပ်စုနစ်စု အသေအချာ ခွဲခြားထားပါ။ ဘတ်စ်ကားစီးခြင်းသည် ပို့ဆောင်ရေးစာရင်းအောက်တွင် ပါဝင်မည်ဖြစ်ပြီး ပီဇာမုန့်တစ်ချပ်သည်လည်း အစားအသောက်စာရင်းတွင် ပါဝင်မည်ဖြစ်သည်။ ခေါင်းစဉ်အမျိုးမျိုးဖြင့် လစဉ် သင်မည်မျှသုံးစွဲလိုသည်ကို အောက်ပါငွေစာရင်းတွင် ဖြည့်စွက်လိုက်ပါ။ ငွေစာရင်း၏ ရည်မှန်းချက်မှာ စုဆောင်းရန် ငွေလက်ကျန်ရှိရန်ဖြစ်သည်။ ထို့အတွက် သင် ဝင်ငွေမည်မျှရှိသည် ဆိုသည်ကို စဉ်းစားခြင်းဖြင့် စတင်လိုက်ပါ။

လစဉ်ဝင်ငွေ သို့မဟုတ် ရရှိသောငွေကို အောက်ပါအတိုင်း မှတ်တမ်းတင်ထားပါ။

| လစဉ် ဝင်ငွေ | |
|---|---|
| ရရှိသော ဝင်ငွေ | MMK |
| ခွင့်ပြုငွေ | MMK |
| လက်ဆောင်များ | MMK |
| အခြား | MMK |
| လစဉ်ဝင်ငွေ စုစုပေါင်း | MMK |



### သင် သိပါသလား။

သင်လစဉ် ရုပ်ရှင်သွားကြည့်သည့်အခါတိုင်း ပေါက်ပေါက်ဆုပ်ဝယ်စားသည့် ကျပ် ၁,၀၀၀ ကို စုဆောင်းမည်ဆိုပါက နှစ်ကုန်တွင် ကျပ် ၁၂,၀၀၀ စုဆောင်းပြီးဖြစ်နေမည်။

သင် လစဉ်သုံးစွဲလိုသောပမာဏကို အောက်တွင် ဖြည့်စွက်ပါ။ သင့်အသုံးစရိတ်များထက် စုဆောင်းငွေများကို ဦးစားပေးရန် သတိပြုပြီး၊ မိမိအတွက် သီးခြားဖယ်ထားပါ။

| လစဉ် အသုံးစရိတ်များ | |
|---|---|
| ရုပ်ရှင်များ၊ ဂီတနှင့် ဖျော်ဖြေမှုများ | MMK |
| အဝတ်အစားများနှင့် တွဲဖက်အသုံးအဆောင်များ | MMK |
| ကစားနည်းများ | MMK |
| အစားအစာနှင့် သားရေစာများ | MMK |
| ပို့ဆောင်ရေးကုန်ကျစရိတ် | MMK |
| ကျောင်း အသုံးအဆောင်များ | MMK |
| အလှူငွေများ | MMK |
| အခြား | MMK |
| လစဉ် အသုံးစရိတ် စုစုပေါင်း | MMK |

သင်၏ လစဉ်ဝင်ငွေစုစုပေါင်းမှ လစဉ် သုံးစရိတ်များကို နုတ်လိုက်ပါ။ လက်ကျန်ငွေမှာ စုဆောင်းငွေထဲသို့ ဖြည့်ထည့်နိုင်မည့်ငွေဖြစ်သည်။

| ရလာဒ်များ | |
|---|---|
| စုစုပေါင်း ဝင်ငွေ | MMK |
| စုစုပေါင်း ကုန်ကျငွေများ | MMK |
| စုဆောင်းရန် စုစုပေါင်း | MMK |

ယခုအခါ သင်အနေဖြင့် လိုချင်သောအရာများနှင့် လိုအပ်သောအရာများအတွက် မည်မျှကုန်ကျမည်ဆိုသည်ကို နားလည်သဘောပေါက်မည်ဖြစ်ပြီး သင့်အတွက် စုဆောင်းရန်နှင့် သုံးစွဲရန်မှန်းဆချက်များ ပြည့်မီရန်အတွက် ငွေသုံးစွဲမှုဆိုင်ရာ အလေ့အကျင့်များကို ချိန်ညှိရမည်ဖြစ်သည်။

# သုံးစွဲမှုများကို စုဆောင်းမှုများအဖြစ် ပြောင်းလဲလိုက်ပါ။

## ငွေစာရင်းရေးဆွဲခြင်း၏ ရည်ရွယ်ချက်မှာ စုဆောင်းရန်အတွက် ငွေလက်ကျန်ရှိရန်ဖြစ်သည်။

မည်သည့်နေရာတွင် သုံးစွဲလိုသည်ကို သိရှိပြီးသည့်အခါ အချို့သောအရာများသည် သင်ထင်ထားသည်ထက် ပိုမိုကာ သုံးစွဲထားသည်ကို အံ့သြဖွယ်တွေ့မြင်ရမည်။ ဤသည်မှာ ကုန်ကျစရိတ် ဖြတ်တောက်ရန် ကောင်းမွန်သော အခွင့်အလမ်းများဖြစ်သည်။ အထူးသဖြင့် စုဆောင်းရန် လက်ကျန်ငွေ လုံးဝမကျန်ရှိသည့် အခါမျိုးတွင် စျေးဝယ်စင်တာတစ်ခု၌ ကုန်ကျမည့်ငွေများကို အခြားတစ်နေရာတွင် ပိုမိုအကျိုးရှိစွာသုံးစွဲသင့်သည်။ ငွေစာရင်းရေးဆွဲခြင်းဖြင့် မည်သည့်အရာများကို ဦးစားဖြည့်ဆည်းရမည်ကို ရွေးချယ်ရန် အထောက်အကူ ပြုသည်။



ရေတို ရည်မှန်းချက်
ကျောင်းအတွက် စာအုပ်အသစ်တစ်အုပ်

အလယ်အလတ် ရည်မှန်းချက်
ဆောင်းရာသီအတွက်
ကုတ်အင်္ကျီ အသစ်တစ်ထည်





ရေရှည် ရည်မှန်းချက်
စမတ်ဖုန်းအသစ်တစ်လုံး

နမူနာဖော်ပြထားသည့်အတိုင်း သင်၏ အသုံးစရိတ်များကို ရေတို၊ အလယ်အလတ်နှင့် ရေရှည် ဟူ၍ အုပ်စုခွဲကာ အစီအစဉ်ချ လေ့ကျင့်ပါ။

| ရေတို ရည်မှန်းချက်များ (၁ လ) | ကုန်ကျစရိတ် |
|---|---|
| ၁ | MMK |
| ၂ | MMK |
| ၃ | MMK |

| အလယ်အလတ်ကာလ ရည်မှန်းချက်များ (၂ - ၁၂ လ) | ကုန်ကျစရိတ် |
|---|---|
| ၁ | MMK |
| ၂ | MMK |
| ၃ | MMK |

| ရေရှည် ရည်မှန်းချက်များ (၁ နှစ်ကျော်) | ကုန်ကျစရိတ် |
|---|---|
| ၁ | MMK |
| ၂ | MMK |
| ၃ | MMK |

တစ်ခါတစ်ရံ မျှော်လင့်မထားသည့် အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်ကာ မျှော်မှန်းထားသည်ထက် ပိုမိုသုံးစွဲရပါလိမ့်မည်။ နေကာမျက်မှန်အား မတော်တဆနင်းမိ၍ အသစ်တစ်လက်ဝယ်ယူရခြင်းကဲ့သို့ အသေးစားကုန်ကျသည့် အဖြစ်အပျက်မှ စမတ်ဖုန်းအသစ်တစ်လုံးဝယ်ယူရန်ကဲ့သို့ ပိုမိုတန်ဖိုးကြီးမားသော တစ်စုံတစ်ရာအတွက် လိုအပ်လာပါက သုံးစွဲရန် စုဆောင်းငွေထားရှိခြင်းသည် အမြဲတစ်စေ ကောင်းမွန်ပါသည်။

# အမှန် သို့မဟုတ် အမှား

၁။ ငွေစာရင်းရေးဆွဲသည့်အခါ လိုအပ်ချက်ထက် လိုလားချက်ကို ဦးစားပေးရန် အရေးကြီးသည်။ — အမှန် / အမှား

၂။ သင့်အနေဖြင့် ငွေစာရင်း ရေးဆွဲသည့်အခါ သုံးစွဲငွေများထက် ဝင်ငွေ ပိုမိုရှိရန်လိုလားပါသည်။ — အမှန် / အမှား

၃။ ငွေစာရင်းသည် ငွေကြေးများ မည်သည့်နေရာတွင်သုံးစွဲ လိုက်သည်ကို ကြည့်ရှုရန်အတွက်ဖြစ်သည်။ — အမှန် / အမှား

၄။ ရည်မှန်းချက်များပြည့်ဝရန် စုဆောင်းငွေအပေါ် အာရုံစိုက်ခြင်းသည် လိုအပ်ချက်အတွက် ငွေစာရင်းရေးဆွဲခြင်းထက် ပိုမို အရေးကြီးသည်။ — အမှန် / အမှား

၅။ အရေးပေါ်ကိစ္စရပ်များတွင် သုံးစွဲရန်အတွက် ငွေစာရင်းရေးဆွဲသည့်အခါ စုဆောင်းငွေကို ရေးဆွဲထားရှိသင့်ပါသည်။ — အမှန် / အမှား

အဖြေများ - ၁- အမှား ၂။ အမှန် ၃။ အမှန် ၄။ အမှား ၅။ အမှန်



ယခု ငွေစာရင်းရေးဆွဲရန် သင် အသင့်ဖြစ်နေပါပြီ။

အခန်း ၄ - သုံးစွဲခြင်း

# ကောင်းစွာ ဈေးဝယ်ထွက်ခြင်း



## သင့်ငွေကြေးကို အမြော်အမြင် ရှိစွာသုံးစွဲနည်း။

### ငွေသုံးစွဲခြင်းသည် သင့်ငွေကြေးကို စီမံခန့်ခွဲမှုတွင် အလွယ်ကူဆုံး အစိတ်အပိုင်းတစ်ရပ် ဖြစ်နိုင်ပါသည်။ သို့ရာတွင် သင်ကို သက်သာစေရန် ကူညီပေးမည့် အကြံပြုချက်များနှင့် အကြောင်းခြင်းရာများရှိပါသည်။

သင့်အနေဖြင့် ငွေကြေးနှင့် သက်ဆိုင်သည့် ပိုမိုကောင်းမွန်သည့် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ရန် သင်သုံးစွဲသည့် အရာများကို သေချာစွာစဉ်းစားဆင်ခြင်ပါ။ သုံးစွဲသည့် အခါတိုင်းတွင် အနည်းငယ် သက်သာစေခြင်းဖြင့် အချိန်ကြာသည့်အခါတွင် သတိပြုမိလိမ့်မည် ဖြစ်သည်။ ဘဏ္ဍာငွေစာရင်းကို အသုံးပြုခြင်းနှင့် သင့်သုံးစွဲမှုများကို စီစစ်ရန် လေ့လာခြင်းသည် ငွေစုဆောင်းရန် ပိုမိုလွယ်ကူစေပါသည်။

သုံးစွဲရာတွင် အဓိကအချက်မှာ သင်လိုအပ်သလောက်သာအသုံးပြုခြင်းဖြစ်သည်။ သင့်တွင် ရှိသောငွေကြေးထက် ပိုမိုကျော်လွန် သုံးစွဲခြင်းမပြုပါနှင့်။ ဈေးဝယ်ရန် စီစဉ်သည့်အခါ သင့်ရည်မှန်းချက်များနှင့် ဘဏ္ဍာငွေစာရင်းကို စိတ်ထဲတွင် သိရှိထားပါ။

## ဈေးဝယ်ယူခြင်း မပြုမီစဉ်းစားပါ။

### သင်အနေဖြင့် ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်သည့်အခါ များစွာသောအချက်များကို မကြာခဏချိန်ဆပါ။ သင်မည်မျှ သုံးစွဲမည်ဆိုသည်ကို သိရှိထားရုံဖြင့် မလုံလောက်ပါ။

ဝယ်ယူမှုတစ်ရပ်ကို မပြုလုပ်ခင်သင့်အနေဖြင့် အကောင်းဆုံးအရာကို ရွေးချယ်ထားကြောင်း သေချာစေရန် များစွာသော အကြောင်းချင်းရာများကို ထည့်သွင်းတွက်ချက်ပါ။ သင်ပထမဆုံး တွေ့သောဈေးကြီးသည့် အားကစားဖိနပ်တစ်ရံကို ဝယ်ယူမည့်အစား အရည်အသွေးများကို ဆန်းစစ်ခြင်းနှင့် ဆိုင်အမျိုးမျိုးတွင် ရောင်းချသည့် ဈေးနှုန်းများကို နှိုင်းယှဉ်ကြည့်ခြင်းဖြင့် အကောင်းဆုံးအရာကို ရွေးချယ်ရန် သေချာပါစေ။ ၎င်းကို နှိုင်းယှဉ်ဈေးဝယ်ယူခြင်းအဖြစ် ခေါ်ဆိုပါသည်။ တူညီသော ဖိနပ်တစ်ရံသည် နောက်တစ်ဆိုင်ရှိ ထပ်တူကျသော အခြားတစ်ရံထက် ဈေးပိုမိုသက်သာနေနိုင်ပါသည်။

သင့်အနေဖြင့် ဂီတဖျော်ဖြေပွဲတစ်ခုသို့ သွားရောက်လိုပါက သင် လိုအပ်သော အချက်များနှင့် သင်လိုလားသော အချက်များ ရှိပါလိမ့်မည်။ သင့်လိုအပ်သောအရာမှာ အခြေခံလက်မှတ် တစ်စောင်ပင် ဖြစ်ပြီး၊ ငွေသက်သာစေရန်အတွက် ပြပွဲကို ကြည့်ရှုသည့်အချိန်တွင် သင် အလိုရှိသောအချက်များကို စွန့်လွှတ်ရနိုင်ပါသည်။




VIP နောက်တန်း




ယေဘုယျ အများ ဝင်ခွင့်

# ငွေသက်သာစေရန် နည်းလမ်းများစွာရှိပါသည်။

## သင့်အနေဖြင့် မည်သည့်အရာကို ဝယ်ယူရန် ဆုံးဖြတ်ချက်ချပြီးသည့် အချိန်တွင် အမှတ်တံဆိပ် သို့မဟုတ် အထူးတစ်လည် မဟုတ်သော အရာများ စသည့် ရွေးချယ်ရန် အနည်းငယ် ရှိတတ်ပါသည်။

အမှတ်တံဆိပ်မှာ မှတ်သားရန် လွယ်ကူပါသည်။ အကယ်၍ သင့်အနေဖြင့် ထုတ်ကုန်တစ်ခုကို မြင်တွေ့ပါက ထုတ်လုပ်သူကို သိကောင်းသိမည်ဖြစ်သည်။ အများအသုံးပြုသည့် အရာသည် ယေဘူယျအားဖြင့် မကြော်ငြာသည့် အမျိုးအစား ဖြစ်တတ်ပါသည်။ ကုန်ပစ္စည်းဆိုင်နှင့် ကုန်မျိုးစုံရောင်းချသည့်ဆိုင်များသည် ၎င်းတို့ ဆိုင်တံဆိပ်နှင့်ပစ္စည်းများ ရှိတတ်ပါသည်။ အများအားဖြင့် ပစ္စည်းနှစ်ခုတွင် ဈေးနှုန်းများကလွဲလျှင် ထူးခြားသော ကွဲပြားမှု မရှိတတ်ကြပါ။ အများသုံးပစ္စည်းများမှာ ဈေးနှုန်းသက်သာပြီး၊ ငွေကုန်သက်သာစေမည့် အခွင့်အလမ်းရှိပါသည်။






### သင် သိရှိပါသလား။

အကယ်၍ သင့်မိသားစုအနေဖြင့် နာမည်ကြီးအမှတ်တံဆိပ်ကို ဝယ်ယူမည့်အစား အများသုံး ကော့ကာတစ်မျိုးကို အပတ်စဉ် ဝယ်ယူခဲ့ပါက နှစ်ကုန်သည့်အခါ စုစုပေါင်းကျပ် ၅၀,၀၀၀ ခန့် အထိစုဆောင်းမိနိုင်ပါသည်။

## အသစ်အဆန်းတစ်ခုခုကို ဝယ်ယူသည့်အခါ မည်သည့်အချက်များကို ထည့်သွင်းစဉ်းစားမည်နည်း။

ကျွန်ုပ် အလိုရှိသော
အရည်အသွေး

ကျွန်ုပ် အမှန်တစ်ကယ်
လိုအပ်သောအရည်အသွေး

မိမိအား သက်သာစေနိုင်မည့်
လျော့ဈေးနှင့် ပစ္စည်းများရောင်းချခြင်း
ရှိ မရှိ

ဈေးနှုန်းများကို နှိုင်းယှဉ်ကြည့်ပြီးခြင်း
ရှိ မရှိ

ကုန်ပစ္စည်း၏ မည်သည့်
အချက်များသည်
မိမိလိုအပ်ချက်များအတွက်
အရေးကြီးဆုံး ဖြစ် မဖြစ်နှင့်။
မိမိအလိုရှိသည့် အရာများ

ကျွန်ုပ်၏
ဘဏ္ဍာငွေစာရင်း

တစ်ခါတစ်ရံ ရေရှည်တွင် သုံးစွဲရကျိုးနပ်သည့် အရာလည်းရှိနိုင်ပါသည်။ အကယ်၍ သင့်တွင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းရှိပါက သင့်ဖောက်သည်များကို ပိုမိုကောင်းမွန်စွာ ဝန်ဆောင်မှုပေးနိုင်ရန် လိုအပ်ကောင်းလိုအပ်ပါလိမ့်မည်။ ဥပမာ- သင့်အနေဖြင့် မြက်ရိတ်သည့် စီးပွားရေးလုပ်ငန်းကို သင့်ပတ်ဝန်းကျင်တွင် စတင်ပါက မြက်ရိတ်စက်တစ်လုံး၊ လောင်စာဆီနှင့် အခြားမြက်ခင်းပုံဖော်သည့် ကိရိယာများကို လိုအပ်လိမ့်မည် ဖြစ်သည်။

# အမှန် သို့မဟုတ် အမှား

၁။ နိုင်းယှဉ် ဝယ်ယူမှုများ ပြုလုပ်သည့်အခါ ဈေးဆိုင်တွင် ပထမဆုံး မြင်တွေ့သည့်အရာကို ဝယ်ယူခြင်း ဖြစ်သည်။ — အမှန် / အမှား

၂။ အများသုံးပစ္စည်းများသည် ယေဘုယျအားဖြင့် ဈေးပိုမို ကြီးမြင့်ပါသည်။ — အမှန် / အမှား

၃။ သင်ဝယ်ယူလိုသည့် အရာကို စဉ်းစားသည့်အခါ အရည်အသွေးကို ထည့်သွင်း မစဉ်းစားသင့်ပါ။ — အမှန် / အမှား

၄။ ဝယ်ယူမှုတစ်ခုပြုလုပ်သည့်အခါ လုပ်ဆောင်ရန် အဆင့်များမရှိပါ။ — အမှန် / အမှား

၅။ ပစ္စည်း နှစ်မျိုးကို ရွေးချယ်ရာတွင် သင်လိုချင်သည့် ပုံစံထက် သင်လိုအပ်သည့် ပုံစံကို ဦးစားပေးသင့်ပါသည်။ — အမှန် / အမှား

အဖြေ ၁။ အမှား ၂။ အမှား ၃။ အမှား ၄။ အမှား ၅။ အမှန်



ဝယ်ယူမည့် အရာကို ယုံကြည်စိတ်ချစွာ ဆုံးဖြတ်ပါ။

အခန်း ၅ - ချေးယူခြင်း

# ပြန်လည်ပေးဆပ်ခြင်း



## သင် တစ်နေ့နေ့တွင် ကောလိပ်ကျောင်းတက် လိုပါသလား၊ သို့မဟုတ် ကားတစ်စီး ဝယ်လိုပါသလား။

သင်၏ ရေရှည်စီမံကိန်းများအတွက် ငွေချေးယူပြီး၊ နောက်ပိုင်းတွင် ပြန်လည်ပေးဆပ်ခြင်းဖြင့် ရည်မှန်းချက်များ ပြည့်ဝနိုင်ပါသည်။ သင့်အနေဖြင့် ကျောင်းဆင်းမှန့်စားရန်အတွက် သူငယ်ချင်း တစ်ဦးထံမှ ငွေချေးယူဖူးပါလိမ့်မည်။ သို့မဟုတ် ဘော့စ်ဘော ဘောလုံးပွဲကြည့်ရန် မိဘများထံမှ ငွေချေးယူကောင်း ချေးယူဖူးပါလိမ့်မည်။ သို့ရာတွင် နောက်ပိုင်းတွင်မူ ငွေကြေးအနည်းငယ် မဟုတ်တော့ဘဲ ပမာဏ ပိုမိုကာ ချေးယူရန် လိုအပ်ကောင်းလိုအပ်မည်။ ကောလိပ်ကျောင်းတက်ရန် သို့မဟုတ် ကားတစ်စီးဝယ်ယူရန်အတွက် ကုန်ကျစရိတ်သည် အများအားဖြင့် သင်၏ ဘဏ်စာရင်းထဲတွင် ရှိသော စုဆောင်းငွေပမာဏထက် ပိုမိုများပြားတတ်သည်။ ကံကောင်းထောက်မစွာပင် ချေးငွေတစ်ရပ်ဖြင့် သင်၏ အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံခြင်း သို့မဟုတ် ဈေးနှုန်းမြင့်မားသော ပစ္စည်းတစ်ခုဝယ်ယူခြင်း တို့ကို ပြုလုပ်နိုင်သည်။ ဘဏ်တစ်ခုမှ ငွေချေးယူသည့်အခါ ယင်းသည် အလကားရသည့် ငွေကြေး မဟုတ်ပါ။ အတိုးနှင့်အတူ ပြန်လည်ပေးဆပ်ရမည် ဖြစ်သည်။ ဆိုလိုသည်မှာ သင်ချေးယူထားသည့် ငွေအားလုံးအပြင် ဝန်ဆောင်ခဖြစ်သည့် အတိုးကိုပါ ပူးတွဲပေးဆပ်ရမည်ဟု ဆိုလိုခြင်းဖြစ်သည်။

## ပြန်ပေးဆပ်ရမည့် အချိန်

လူတိုင်းသည် တစ်ချိန်မဟုတ်တစ်ချိန်တွင် ငွေချေးယူကြပါသည်။ အကယ်၍ သင်၏ ငွေစာရင်းအတိုင်း အတာအတွင်း ပေးဆပ်ရန်ရှိသည်တို့ကို အချိန်မီပေးနိုင်ရန် အစီအစဉ်တစ်ရပ် ရေးဆွဲထားပါက သင်၏ ကြေးမြီများ မနိုင်မနင်းဖြစ်ခြင်းမှ ကာကွယ်ပေးပါလိမ့်မည်။ ကားအရောင်း ကြော်ငြာအစီအစဉ်များတွင် အကြွေးနှင့် ကားဝယ်ယူခြင်းအကြောင်း ဆွေးနွေးပြောဆိုမှုများကို ကြည့်ရှုဖူးပါသလား။ ယခုအချိန်တွင် သင် ကားဝယ်ယူနိုင်ဖို့ရာ ငွေအလုံအလောက်ရှိချင်မှရှိမည်။ သို့သော် နှစ်အနည်းငယ်အတွင်း သင်ကားမောင်းကောင်း မောင်းနေပါလိမ့်မည်။ ယခုကိစ္စမျိုးအတွက် ကားချေးငွေတစ်ရပ်အကြောင်း လေ့လာကြည့်ရအောင်။ ပုံမှန် ကားချေးငွေသည် အတိုး ၄ ရာခိုင်နှုန်းနှင့် အချိန်ကာလအားဖြင့် ၅ နှစ် ကြာမြင့်မည်ဖြစ်သည်။ အကယ်၍ သင်သည် အသက် ၁၈ နှစ်အောက်ဖြစ်ပြီး၊ ကားဝယ်ယူရန် ငွေချေးလိုပါက သင်၏မိဘ သို့မဟုတ် အုပ်ထိန်းသူတစ်ဦးနှင့် ပူးတွဲလျှောက်ရန် လိုအပ်သည်။

| ကားချေးငွေ | |
|---|---|
| ချေးယူထားသော စုစုပေါင်း ငွေပမာဏ | ကျပ် ၅,၀၀၀,၀၀၀ |
| အတိုးနှုန်း | ၄ ရာခိုင်နှုန်း |
| ချေးငွေကာလ | လပေါင်း ၆၀ |
| လစဉ်ပေးဆပ်ငွေ | ကျပ် ၉၂,၀၀၀ |
| အတိုးအပါအဝင် စုစုပေါင်း ချေးငွေ | ကျပ် ၅,၅၂၄,၉၆၀ |

အနာဂတ်တွင် မည်သည့်အရာများအတွက် ငွေချေးယူရန် လိုအပ်ပါသနည်း။



ကားတစ်စီး



အိမ်တစ်လုံး



ကောလိပ်ကျောင်း



စီးပွားရေးလုပ်ငန်းတစ်ခု

# အဘယ်ကြောင့် ကြွေးမြီသည် အရေးပါ ပါသနည်း။

သင်၏ ကြွေးမြီကို စီမံခန့်ခွဲခြင်းဖြင့် ကြွေးမြီဆိုင်ရာရမှတ်ကို ထိန်းချုပ်ပါ။ သင် အသက် ၁၈ နှစ် ပြည့်ပြီးသည့်နောက် အနာဂတ်တွင် မည်မျှလွယ်ကူစွာ ငွေချေးယူနိုင်ခွင့်ရှိမည်ဆိုသည်ကို လက်ရှိ တင်ရှိသော ကြွေးမြီပမာဏပေါ်မူတည်၍ အကျိုးသက်ရောက်မှု ရှိနိုင်သည်။ ချေးငွေများကို မည်ကဲ့သို့ပေးဆပ်ခဲ့သည်၊ မည်မျှကျန်ရှိနေသည် အစရှိသည့် အခြားသော ဘဏ္ဍာရေးဆိုင်ရာ သမိုင်းကြောင်းများအပါအဝင် ရေးသားမှတ်တမ်းတင်ထားချက် သို့မဟုတ် သင်နှင့်သက်ဆိုင်သော ကြွေးမြီသမိုင်းတစ်ခုရှိသည်။

သင်၏ ကြွေးမြီသမိုင်းကြောင်းသည် ကြွေးမြီဆိုင်ရာရမှတ်ကို ဆုံးဖြတ်ပေးပြီး၊ ငွေထုတ်ချေးသူများ အနေဖြင့်လည်း သင့်အား ငွေထုတ်ချေးခြင်းအပေါ် မည်မျှစိတ်ချယုံကြည်ရသည် သို့မဟုတ် ပူပန်ရနိုင်သည် အစရှိသည့် အခြေအနေတို့ကို ဆုံးဖြတ်ရာတွင် အထောက်အကူပြုသည်။

ကြွေးမြီဆိုင်ရာရမှတ်များသည် ၃၀၀ မှ ၈၅၀ ကြား ရှိသည်။ ယေဘုယျအားဖြင့် သင်၏ ကြွေးမြီဆိုင်ရာရမှတ် လျော့နည်းလေလေ အနာဂတ်တွင် ချေးယူမည့်ငွေအတွက် အတိုးနှုန်းမြင့်မားလေလေ ဖြစ်ဖွယ်ရှိသည်။ အကြောင်းမှာ သင့်အနေဖြင့် ချေးငွေကို အချိန်မီ ပြန်လည်ပေးဆပ်နိုင်စွမ်း နည်းပါးသည်ဟု ထင်မြင်ယူဆသောကြောင့် ဖြစ်သည်။






## သင် သိရှိပါသလား။

အကယ်၍ ချေးငွေကို နောက်ကျပေးဆပ်ပါက သင်အချိန်တန် ပေးသွင်းရမည့် ပမာဏထက် ပိုမိုသော အတိုးနှုန်းနှင့် နောက်ကျကြေးများကိုပါ ပေးဆပ်ရမည်ဖြစ်သည်။

# အမှန် သို့မဟုတ် အမှား

၁။ ဈေးယူငွေသည် အလကားရသောငွေ ဖြစ်သည်။ — အမှန် / အမှား

၂။ ဘဏ်တစ်ခုမှ သင်ဈေးယူထားသော ကြွေးမြီအပေါ် အတိုးပေးဆပ်ရမည်။ — အမှန် / အမှား

၃။ နောက်ကျမှ ပေးဆပ်လေလေ ၊ သင်၏ ကြွေးမြီဆိုင်ရာရမှတ် နိမ့်လေလေ ဖြစ်သည်။ — အမှန် / အမှား

၄။ ကြွေးမြီတင်ရှိခြင်းအတွက် ကုန်ကျမှုမရှိပါ။ — အမှန် / အမှား

၅။ ဈေးငွေကို မြန်မြန်ပေးဆပ်လေလေ၊ အတိုး ပိုမို နည်းပါးလေလေ ဖြစ်မည်။ — အမှန် / အမှား

အဖြေ။ ၁။ မှား ၂။ မှန် ၃။ မှန် ၄။ မှား ၅။ မှန်



သင့်အနေဖြင့် ချင့်ချိန်နှိုင်းဆ၍ ငွေချေးယူရန်
အဆင်သင့်ဖြစ်နေပါပြီ။

အခန်း ၆ - ထိန်းသိမ်းခြင်း

# မိမိ၏ ငွေကို လုံခြုံစွာထိန်းသိမ်းထားပါ



# သင်၏ ငွေကြေးကိန်းဂဏန်းများကို ထိန်းသိမ်းခြင်း

## ငွေကြေးရှာဖွေရသည်မှာ အလွန်ပင်ပန်းခက်ခဲပါသည်။ မိမိအချိန်နှင့် လုပ်အားများ ပေးဆပ်ရသဖြင့် ငွေရှာဖွေရန်အရေးကြီးသကဲ့သို့ ရှာဖွေရရှိသောငွေကို ထိန်းသိမ်းထားနိုင်ရန်သည်လည်း အရေးကြီးပါသည်။

မိမိ ခက်ခဲပင်ပန်းစွာ ရှာဖွေစုဆောင်းထားရသောငွေကြေးကို ထိန်းသိမ်းရန် အလွယ်ကူဆုံးနည်းလမ်းသည် လုံခြုံစိတ်ချရသည့်နေရာတွင် အပ်နှံသိမ်းဆည်းထားခြင်းပင်ဖြစ်သည်။ ဘဏ်၏ အဓိကတာဝန်သည် ငွေကြေးများကို လုံခြုံစွာသိမ်းဆည်းထားခြင်းပင်ဖြစ်သည့်အလျောက် မိမိ၏ ငွေကြေးကိုသိမ်းဆည်းရန်အတွက် ဘဏ်သည် လုံခြုံစိတ်ချရဆုံးနေရာတစ်ခုဖြစ်သည်။ မိမိ၏ ငွေကြေးသည် မည်သည့်နေရာတွင်ရှိနေကြောင်းသိရှိထားခြင်းဖြင့် စိတ်အေးချမ်းသာစွာနေထိုင်နိုင်မည်ဖြစ်သည်။ မိမိ၏ အိတ်ကို အိမ်ပြင်တွင် ပစ်ထားခြင်းမျိုး မပြုသင့်သကဲ့သို့ မိမိ၏ ငွေများကို ခိုးယူခံရမှု၊ ပျောက်ဆုံးမှုတို့ဖြစ်ပွားနိုင်သောနေရာမျိုးတွင် မထားခဲ့သင့်ပေ။ အွန်လိုင်းပေါ်ရှိ မိမိ၏ ငွေကြေးဆိုင်ရာအချက်အလက်များကို ကာကွယ်ရေးသည် မိမိ၏ ပိုက်ဆံကို ဘဏ်တွင် ထိန်းသိမ်းအပ်နှံထားခြင်းကဲ့သို့ပင် အရေးကြီးပါသည်။ သင့်အနေဖြင့် မည်သည့်အချက်အလက်မျိုးကိုမဆို အွန်လိုင်းတွင်ရယူနိုင်ပြီး၊ ထိုသို့ ရယူအသုံးပြုရာတွင်လည်း တာဝန်ယူမှုရှိအပ်ပေသည်။

မည်ကဲ့သို့သော ကိုယ်ရေးကိုယ်တာအချက်အလက်မျိုးကို လုံခြုံစွာထားရှိရမည်နည်း။




သင်၏ အချက်အလက်များကို တစ်စုံတစ်ဦးက သိရှိသွားပါက မည်သို့ဖြစ်သွားနိုင်သနည်း။ သင်၏ အချက်အလက်များကိုသိရှိထားသူသည် သင်၏ ဘဏ်အကောင့်ထဲမှ ငွေထုတ်ယူသွားခြင်းသာမကဘဲ သင့် အယောင်ဆောင်ကာ တရားမဝင်အလုပ်များလုပ်ကိုင်ခြင်း၊ ကြွေးမြီငွေအကောင့်များ၊ အိမ်ခြံမြေချေးငွေများ၊ ကားဝယ်ယူရန် ချေးငွေများရယူခြင်းတို့ကိုပင် ပြုလုပ်နိုင်ပါသည်။ ကံကောင်းထောက်မစွာဖြင့် ဘဏ်အများစုသည် သင်၏ အကောင့်ကို ၎င်းကဲ့သို့သော မသမာမှုများပြုလုပ်ခံရခြင်းမှ ကာကွယ်ပေးထားပါသည်။ သို့ရာတွင် ယင်းသို့မဖြစ်ပွားမီကပင် မိမိ၏ အချက်အလက်များကို လုံခြုံစွာသိမ်းဆည်းထားရန် လွန်စွာအရေးကြီးသည်။ ကိုယ်ရေးကိုယ်တာ အချက်အလက်ဟုဆိုရာတွင် သင်၏ ကျောင်း သို့မဟုတ် မိသားစုနှင့် သက်ဆိုင်သော အချက်အလက်မျိုးဖြစ်စေကာမူ လုံခြုံစွာထိန်းသိမ်းထားရမည်။

# လျှို့ဝှက်နံပါတ်ထားရှိပါ

## အရေးပါသော အွန်လိုင်းအကောင့်များရှိ မိမိ၏ ဘဏ်ငွေစာရင်းရှင်းတမ်းများ၊ လျှို့ဝှက်နံပါတ်များအပါအဝင် အချက်အလက်များကို လုံခြုံစွာထိန်းသိမ်းရန်အတွက် သေချာစွာစဉ်းစားစိစစ်ပြီး ကိုင်တွယ်ရန်လိုအပ်သည်။

မှန်းဆရန်ခက်ခဲသည့် လျှို့ဝှက်နံပါတ်တစ်ခုကို သင့်အနေဖြင့် ရွေးချယ်သင့်ပြီး၊ စာလုံးအနေဖြင့် အလွယ်တကူဖတ်ရှုရန် မလွယ်ကူသော စာလုံးအကြီးအသေးများ၊ နံပါတ်များနှင့် သင်္ကေတများပါဝင်သည့် လျှို့ဝှက်နံပါတ်မျိုးကို ရွေးချယ်သင့်သည်။ မိမိ၏ အွန်လိုင်းပေါ်ရှိ အချက်အလက်များနှင့် စာရွက်စာတမ်းများကို လိုအပ်သောအချိန်တွင် မည်ကဲ့သို့ ရယူအသုံးပြုနိုင်မည်ကို သိရှိထားသင့်သည်။ မိမိ၏ လျှို့ဝှက်နံပါတ်များ၊ စာရွက်စာတမ်းများကို မသမာသူများလက်ထဲ ရောက်နိုင်ဖွယ်မရှိသည့် လုံခြုံစိတ်ချရသော နေရာတစ်ခုတွင် သိမ်းဆည်းထားသင့်သည်။






### သင် သိရှိပါသလား။

‘1234’ နှင့် ‘password’ တို့ကဲ့သို့သော အသုံးများသည့် လျှို့ဝှက်နံပါတ်များသည် မှတ်သားရလွယ်ကူသော်လည်း အများဆုံး ခိုးယူခံရတတ်သည့် စကားလုံးများပင်ဖြစ်သည်။ မိမိ၏ အကောင့်များ အမြဲလုံခြုံစေရန်အတွက် ရှုပ်ထွေးသော လျှို့ဝှက်နံပါတ်များရွေးချယ်ကာ မကြာခဏပြောင်းလဲထားသင့်သည်။

# သတိထားရှုပြုပါ

## သင်၏ ငွေကြေးနှင့် ကိုယ်ရေးကိုယ်တာအချက်အလက်တို့ကို ကာကွယ်ထိန်းသိမ်းရန် နည်းလမ်းများရှိပါသည်။

### အင်တာနက်ကို ပါးနပ်စွာအသုံးပြုပါ

မိမိမသိသောသူများထံမှ မလိုလားသော အီးမေးလ်များ၊ ကြော်ငြာများကို လူတိုင်း လက်ခံရရှိတတ်သည်။ ၎င်းအီးမေးလ်များကို အကောင့်မြောက်များစွာထံသို့ပို့ကာ တောင်းခံမှုများပြုလုပ်ခြင်းဖြစ်သည်။ မိမိ၏ ကိုယ်ရေးအချက်အလက်များတောင်းခံသော ကြော်ငြာအီးမေးလ်များကို ဖျက်ပစ်ပါ။ Anti-Virus ဆော့ဖ်ဝဲလ်၊ Anti-spyware ဆော့ဖ်ဝဲလ်တို့ကို အမြဲအဆင့်မြှင့်တင်အသုံးပြုပါ။ ယုံကြည်စိတ်ချရသော ဝက်ဘ်ဆိုက်များတွင်သာ ဈေးဝယ်ပါ (သော့ခလောက်ပုံငယ်လေး၏ ဘေးရှိ ဝက်ဘ်ဆိုက်လိပ်စာအကွက်တွင် 'https' ပါ မပါ စစ်ဆေးပါ)။ သင်၏ ကိုယ်ပိုင်သက်သေခံလက်မှတ်၊ ဘဏ်ကတ်များ သို့မဟုတ် အခြားကိုယ်ရေးကိုယ်တာအချက်အလက်များ ပါဝင်သည့် ဓာတ်ပုံများကို အီးမေးလ်ပေးပို့ခြင်း၊ လူမှုကွန်ရက်တွင် ဖော်ပြခြင်းများ လုံးဝမပြုလုပ်ပါနှင့်။

### မိမိ၏ ကိုယ်ရေးကိုယ်တာ ငွေကြေးမှတ်တမ်းများကို ဖျက်ဆီးပါ

သင်၏ မိဘများသည် သင့်အတွက် ငွေစုအကောင့်တစ်ခု ဘဏ်တွင် ဖွင့်လှစ်ပေးဖူးပါသလား။ မိမိ၏ အကောင့်ထဲရှိ ငွေပမာဏ၊ ငွေအထုတ်အသွင်းပြုလုပ်ထားသော ပမာဏများအားလုံးပါဝင်သော လစဉ်ငွေစာရင်းရှင်းတမ်းတစ်ခုကို သင့်အနေဖြင့် ဘဏ်မှ တောင်းယူနိုင်သည်။ မလိုအပ်သော ဘဏ်စာရွက်စာတမ်းများနှင့် သင်၏ ကိုယ်ရေးကိုယ်တာ ငွေကြေးမှတ်တမ်းများပါဝင်သော စာရွက်စာတမ်းများကို ဆုတ်ဖြဲပစ်ပါ။ သို့မှသာ သင်၏ စာရွက်စာတမ်းများသည် မသမာသူများ၏ လက်သို့ မည်သည့်နည်းနှင့်မျှ မရောက်ရှိနိုင်မည်ဖြစ်သည်။

### ငွေကြေးလိမ်လည်မှုရန်ကို သတိထားပါ

သင်၏ မိဘများသည် ငွေကြေးလိမ်လည်သူများ၏ရန်ကို သတိပြုရန် ပြောပြဖူးပါလိမ့်မည်။ ၎င်းလိမ်လည်သူတို့သည် ဘဏ်၊ အကြွေးဝယ်ခွင့်ကတ်ကုမ္ပဏီ၊ အစိုးရအေဂျင်စီ၊ အလှူခံအဖွဲ့ သို့မဟုတ် အခြားအဖွဲ့အစည်းများကို ကိုယ်စားပြုသည်ဟုဆို၍ သင့်ထံသို့ဖုန်းခေါ်ဆိုကာ သို့မဟုတ် အီးမေးလ်ပေးပို့ကာ ဆက်သွယ်လာတတ်သောသူများပင်ဖြစ်သည်။ သင်၏ ဘဏ်အကောင့် သို့မဟုတ် နိုင်ငံကူးလက်မှတ်တို့နှင့် ပတ်သက်သော အချက်အလက်တို့ကို မည်သည့်အခါတွင်မှ မပေးပါနှင့်။ တောင်းခံမှုသည် လက်ခံနိုင်ဖွယ်ရှိပါက ဤတောင်းခံမှုကိုတိုက်ရိုက်အတည်ပြုနိုင်ရန် သင်၏ မိဘများကို ကုမ္ပဏီထံသို့ ဆက်သွယ်မေးမြန်းခိုင်းသင့်သည်။

# အမှန် သို့မဟုတ် အမှား

၁။ သင်၏ နိုင်ငံကူးလက်မှတ်ဓာတ်ပုံများကို လူမှုကွန်ရက်ပေါ်တွင် ဖော်ပြခြင်း မပြုသင့်ပါ။ — အမှန် / အမှား

၂။ သင်၏ ကိုယ်ရေးကိုယ်တာ သတင်းအချက်အလက်များ တောင်းခံလာသော အီးမေးလ်များကို ဖျက်ပစ်သင့်သည်။ — အမှန် / အမှား

၃။ အွန်လိုင်းပေါ်မှ မည်သူ့ကိုမဆို သင်၏ ဘဏ်အချက်အလက်များပေးရန် သင့်တော်သည်။ — အမှန် / အမှား

၄။ ရှုပ်ထွေးသော လျှို့ဝှက်နံပါတ်များတွင် စာလုံးအကြီးအသေးများ၊ နံပါတ်များနှင့် သင်္ကေတများပါဝင်သည်။ — အမှန် / အမှား

၅။ ဘဏ်သည် သင်၏ ငွေကြေးများသိမ်းဆည်းထားရန် လုံခြုံစိတ်ချရဆုံး နေရာတစ်ခုဖြစ်သည်။ — အမှန် / အမှား

အဖြေများ - (၁) မှန်၊ (၂) မှန်၊ (၃) မှား၊ (၄) မှန်၊ (၅) မှန်



သင်၏ ငွေကြေးများ လုံခြုံပါသည်။

အခန်း ၇ - ပေးကမ်းမှု

# ဓနဥစ္စာများကို မျှဝေပါ။



# ပြန်လည် ပေးကမ်းမှု

## သင့်အနေဖြင့် မနက်ဖြန်အကြောင်း တွေးတောကြည့်သည့်အခါ မည်ကဲ့သို့ အနာဂတ်မျိုးကို စိတ်ကူး ပုံဖော်ကြည့်မည်နည်း။

သင့်အနေဖြင့် သဘာဝပတ်ဝန်းကျင် သို့မဟုတ် ဆေးသုတေ သနလုပ်ငန်းများကို စိတ်ဝင်စား နှစ်သက်သည် ဖြစ်စေ၊ သင့်ကဲ့သို့ ကျွမ်းကျင်သည့် လူများကို လိုအပ်လျက်ရှိသည့် အရေးပါသော အကြောင်းရင်းများစွာ ရှိပါသည်။ ပြန်လည်ပေးကမ်းခြင်းတွင် ပုံစံအမျိုးမျိုးရှိပါသည်။ သင့်အနေဖြင့် စုဆောင်းငွေမှ တစ်စိတ်တစ်ပိုင်းကို လှူဒါန်းမှု၊ သင့်အချိန်များကို စေတနာ့ဝန်ထမ်းလုပ်ငန်းများအတွက် ပေးဆပ်မှု သို့မဟုတ် သင်အသုံးမလိုတော့သော ပစ္စည်းများကို လှူဒါန်းမှုများ ပြုလုပ်နိုင်ပါသည်။ အကျိုးသက်ရောက်မှု ရှိစေခြင်း၊ အခြားသူများ၏ ဘဝများကို ပြောင်းလဲစေခြင်းနှင့် ပိုမိုကောင်းမွန်သော အနာဂတ်တစ်ရပ် တည်ဆောက်ခြင်းတို့သည် သင် ပြန်လည်ပေးကမ်းသည့်အခါ သင့်အား အကျိုးရှိစေမည့် ဆုလာဘ်များ ဖြစ်သည်။

# သင် ဂရုစိုက်ကြောင်း ပြသပါ။

## ပြောင်းလဲမှုတစ်ရပ် ဖြစ်စေရန်အတွက် များပြားသော ငွေပမာဏကို သင်ပေးကမ်းရန် မလိုအပ်ပါ။ သေးငယ်သော ပမာဏသည်ပင် အကျိုးရှိစေနိုင်ပါသည်။

ငွေကြေးကိစ္စရပ်တွင် စိတ်ထဲတွင် စီစဉ်ထားသည့်အတိုင်း ပေးကမ်းခြင်းသည် အကောင်းဆုံးဖြစ်သည်။ လှူဒါန်းငွေများကို သင့် ဘဏ္ဍာစာရင်းတွင် ထည့်သွင်းထားသင့်ပါသည်။ သို့ရာတွင် သင့်အနေဖြင့် သင့် လိုအပ်ချက်များကို ဦးစားပေးရန် သေချာပါစေ။ သင့်ငွေကြေးအားလုံးကို ပေးကမ်းရန်နှင့် သင့်နေစဉ်ဘဝအတွက် ဘာမျှမကျန်ရှိမည်ကို လိုလားမည် မဟုတ်ပါ။ သင့် ရည်မှန်းချက်များအတွက် ငွေကြေးများကို စုဆောင်းသည့်အခါတွင် သင့်ငွေကြေးများကို အခြားနည်းလမ်းများဖြင့် သုံးစွဲနိုင်မည့် အခြားနည်းလမ်းများကိုလည်း စဉ်းစားကြည့်လိုက်ပါ။ နားကြပ်အသစ်တစ်စုံအတွက် ငွေကြေးကို စုဆောင်းလိုသည့်အခါ သင်ဂရုပြုထားသော အရာများအတွက် ငွေကြေး အနည်းငယ်ကို ချန်လှပ်ထားပါက ပိုတန်ဖိုးရှိလိမ့်မည် ဖြစ်သည်။

# ကမ္ဘာကြီးကို ပြောင်းလဲလိုက်ပါ။

## သင်မည်သည့် အရာကို ဂရုပြုထားသည်ဖြစ်စေ၊ သင်၏ ထည့်ဝင်မှုသည် ပြောင်းလဲမှု တစ်ရပ်ကို ဖြစ်ပေါ်စေနိုင်ပါသည်။

လှူဒါန်းမှုပြုရန်အတွက် ငွေများကို စုဆောင်းသည့်အခါ၊ ငွေမည်မျှ လှူဒါန်းလိုသည်ကို အစီအစဉ် တစ်ရပ် ချမှတ်ထားပါ။ သင့်အတွက် တစ်ပတ်စာ ခွင့်ပြုငွေမှ ၁၀ ရာခိုင်နှုန်းကို စုဆောင်းထားကောင်း ထားနိုင်ပါသည်။ အကယ်၍ တစ်ပတ်လျှင် ၁၀ ဒေါ်လာရရှိပါက သင့်အတွက် တစ်ပတ်စာ ခွင့်ပြုငွေ ရရှိတိုင်း တစ်ဒေါ်လာ စုဆောင်းငွေရှိမည် ဖြစ်သည်။ အကြောင်းအရာ တစ်ရပ်ကို ရွေးချယ်ထားလိုက်ပါ။ သင့် မိတ်ဆွေများ မိသားစုများအားလည်း အတူပါဝင်စေပါ။ အုပ်စုလိုက် ထည့်ဝင်ခြင်းသည် ပိုမို ကြီးမားသော အကျိုးသက်ရောက်မှု ရှိစေနိုင်ပါသည်။

### မည်သည့်အရာများကို သင် ဂရုပြုသနည်း။



## သင်ဟာ အလွန်တော်သော ကျောင်းသားတစ်ယောက် ဖြစ်ပါသလား။

သင့်ပတ်ဝန်းကျင်မှ အခြားကလေးများအတွက် စာသင်ကြားပေးရန် သင်၏ အချိန်ကို ပေးဆပ်လိုက်ပါ။





## သင် အနုပညာ အလုပ်များ လုပ်ကိုင်ပါသလား။

သင် ဖန်တီးထားသော အရာများကို ရောင်းချကာ သင်ရရှိပြုသည့် အရာတစ်ခု ရှင်သန်စေရန် လှူဒါန်းလိုက်ပါ။

## သင်ဟာ မိုင်နှင့်ချီ ပြေးနိုင်ပါသလား။

လှူဒါန်းမှုတစ်ရပ်အတွက် ပြေးပြိုင်ပွဲတစ်ရပ်ကို ဝင်လိုက်ပါ။



အကယ်၍သင့်တွင် ပေးဆပ်ရန် အချိန်မရှိပါက ပစ္စည်းများကို လှူဒါန်းရန် စဉ်းစားကြည့်ပါ။ သင်ဖတ်ပြီးသော စာအုပ်များ သို့မဟုတ် သင်နှင့် သိပ်မတော်တော့သော အဝတ်အစားများကို ပရဟိတ အဖွဲ့ထံ ပေးအပ်လိုက်ပါက လိုအပ်နေသည့် လူတစ်ဦးတစ်ယောက်အား ကူညီရာ ရောက်ပါလိမ့်မည်။ သင်မလိုအပ်သော ပစ္စည်းပစ္စယများကို စာရင်းပြုစုလိုက်ပါ၊ ထို့နောက် ထိုကဲ့သို့ လှူဒါန်းပစ္စည်းများကို လက်ခံသော အဖွဲ့တစ်ခုအား ရှာဖွေပါ။ သင်ပေးလှူသော ပစ္စည်းများသည် အသုံးပြုနိုင်သော အခြေအနေရှိကြောင်း သေချာပါစေ။ ကျိုးပဲ့နေသော ပစ္စည်းများ သို့မဟုတ် ဆွေးမြေ့နေသော ပစ္စည်းများကို မလှူဒါန်းပါနှင့်။

# အမှန် သို့မဟုတ် အမှား

၁။ ပေးကမ်းရန် တစ်ခုတည်းသော နည်းလမ်းမှာ ငွေကြေးလှူဒါန်းရန် ဖြစ်သည်။ — အမှန် / အမှား

၂။ ပေးကမ်းခြင်းသည် သင့်ပတ်ဝန်းကျင်ကို တိုးတက်စေရန် ကူညီပေးနိုင်ပါသည်။ — အမှန် / အမှား

၃။ သင့်ဘဏ္ဍာငွေစာရင်းတွင် လှူဒါန်းရန်ငွေများ ထည့်သွင်းထားနိုင်ပါသည်။ — အမှန် / အမှား

၄။ ပေးလှူရန် အရာများကို လိုအပ်ချက်များထက် ပိုမို ဦးစားပေးရမည် ဖြစ်သည်။ — အမှန် / အမှား

၅။ ကောင်းမွန်သော အခြေအနေရှိသည့် ပစ္စည်းများကိုသာ လှူဒါန်းသင့်ပါသည်။ — အမှန် / အမှား

အဖြေ - ၁။ အမှား ၂။ အမှန် ၃။ အမှန် ၄။ အမှား ၅။ အမှန်



ပိုမို ကောင်းမွန်သော ကမ္ဘာတစ်ခုကို ဖန်တီးရန်
လမ်းကြောင်းပေါ်သို့ သင်ရောက်ရှိနေပါပြီ။

# နိဂုံးချုပ်





# ဝမ်းမြောက် ဂုဏ်ယူပါသည် !

## ကျွန်ုပ်တို့၏ ငွေကြေးဆိုင်ရာလမ်းညွှန်မှုများကို ယခုအခါ တွေ့မြင်သိရှိထားပြီးဖြစ်ရာ သင်သည် ငွေကြေးဆိုင်ရာ ကောင်းမွန်သော အနာဂတ်လမ်းကြောင်းပေါ် ရောက်ရှိနေပါပြီ။ ကောင်းမွန်သောအလုပ်များကို ဆက်လက်လုပ်ဆောင်ပါ။

ငွေကြေးကို ကောင်းစွာကိုင်တွယ်သုံးစွဲခြင်းအတတ်မှာ တစ်ညတည်းနှင့် တတ်မြောက်သွားသည့်အလုပ် မဟုတ်ပါ။ ဘဝတစ်သက်တာ ကျွမ်းကျင်စွာ လုပ်ဆောင်သွားရမည်ဖြစ်သည်။ ငွေကြေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို နားလည်သဘောပေါက်ခြင်းနှင့် ရည်မှန်းချက်များထားရှိခြင်းဖြင့် ငွေကြေး စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ မိမိကိုယ်မိမိ ယုံကြည်မှုရှိစေပါသည်။

ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်မှုများ တိုးတက်စေရန်အတွက် အကောင်းဆုံးနည်းလမ်းမှာ သင်သိရှိထားသမျှကို ပုံမှန်မပြတ် ဆက်လက်ကျင့်သုံးခြင်းပင်ဖြစ်သည်။ ငွေစာရင်းရေးဆွဲခြင်း၊ ငွေစုဆောင်းခြင်း သို့မဟုတ် သုံးစွဲခြင်း အစရှိသည်တို့နှင့်သက်ဆိုင်သည့် အလေ့အကျင့်ကောင်းများကို ပိုမိုလုပ်ဆောင်လေလေ သင် ပိုမို ကျွမ်းကျင်လေလေ ဖြစ်လိမ့်မည်။

# သင် ထပ်မံ လေ့လာလိုပါသလား။

သင်၏ ငွေကြေးဆိုင်ရာကျွမ်းကျင်မှုများ ပိုမိုကောင်းမွန်စေရန် အထောက်အပံ့ပေးမည့် စိတ်ဝင်စားဖွယ် သတင်းအရင်းအမြစ်များကို www.practicalmoneyskills.com တွင် ကြည့်ရှုပါ။



## Rocket's Powerful Plan | ရုပ်ပြကာတွန်းများ

ယခု စိတ်လှုပ်ရှားဖွယ် ရုပ်ပြကာတွန်းအသစ်မှ နဂါးငွေ့တန်းကို စောင့်ကြပ်ပေးသူများနှင့် ပူးပေါင်းကာ ငွေကြေးစုဆောင်းခြင်း အရေးပါမှုနှင့် လိုအင်ဆန္ဒများနှင့် လိုအပ်ချက်များအကြောင်းကို ထပ်မံလေ့လာလိုက်ပါ။

**practicalmoneyskills.com/guardians**



## Avengers: Saving the Day | ရုပ်ပြကာတွန်း

ငွေကြေးစုဆောင်းခြင်းနှင့် အချိန်ကုန်သက်သာစေခြင်းအကြောင်း သိရှိရန် စိတ်လှုပ်ရှားဖွယ် ပညာပေးရုပ်ပြကာတွန်းမှ သူရဲကောင်းများ၊ အထူးစွမ်းရည်ရှင်တော်တို့နှင့် ပူးပေါင်းလိုက်ပါ။

**practicalmoneyskills.com/savingtheday**




## Financial Football (ငွေကြေးဆိုင်ရာ ဘောလုံးပွဲ) | ကစားပွဲများ

အဖြေတစ်ရပ်ထုတ်ရန်အတွက် သင့် ဦးနှောက် အဆင်သင့် ဖြစ်ပြီလား။
ယခု NFL- သဏ္ဍာန် ငွေကြေးဘောလုံးပွဲကို ကစားကာ ကွင်းတစ်လျောက် တိုက်စစ်ဆင်နိုင်ပြီး ရမှတ်များတိုးပွားစေရန် ငွေကြေးဆိုင်ရာ မေးခွန်းများကို ဖြေပါ။

**practicalmoneyskills.com/financialfootball**




## Financial Soccer (ငွေကြေးဆိုင်ရာ ဘောလုံးပွဲ) | ကစားပွဲများ

Visa ၏ ကမ္ဘာ့ဖလားသဏ္ဍာန် ငွေကြေးဆိုင်ရာဘောလုံးပွဲကို ကစားကာ သင်၏ ငွေကြေးဆိုင်ရာကျွမ်းကျင်များကို စမ်းသပ်စစ်ဆေးလိုက်ပါ။ ဤကစားနည်းသည် ရွေးချယ်စရာအဖြေများနှင့် မေးခွန်းများပါဝင်သော ဗီဒီယိုဂိမ်းတစ်ခုဖြစ်သည်။ ကဲ ကစားရန် အဆင်သင့် ဖြစ်ပြီလား။

**practicalmoneyskills.com/financialsoccer**

## YouTube | ဗီဒီယိုများ

ငွေကြေးဆိုင်ရာ လက်တွေ့အသုံးချကျွမ်းကျင်မှုများ ဗီဒီယိုကို ကြည့်ရှု၍ ငွေကြေးဆိုင်ရာအခြေခံသဘောတရားနှင့် အခြားအကြောင်းအရာများကို လေ့လာပါ။

**practicalmoneyskills.com/youtube**

## Lunch Tracker (နေ့လည်စာကို တွက်ချက်ခြင်း) | တွက်ချက်နည်းများ

နေ့လယ်စာအတွက် သင်မည်မျှ သုံးစွဲပါသနည်း။ သင်၏ ကုန်ကျစရိတ်ကို တွက်ချက်ကာ ကုန်ကျစရိတ် လျှော့ချရေး အကြံပြုချက်များကို လေ့လာကာ ငွေစုဆောင်းပါ။

practicalmoneyskills.com/lunchtracker



## Back-to-School Budget (ကျောင်းပြန်တက်ရန် ငွေစာရင်း) | တွက်ချက်နည်းများ

ကျောင်းပြန်တက်ရန် အသုံးအဆောင်များအတွက် ဈေးဝယ်ထွက်ခြင်းမပြုမီ သုံးစွဲမည့် ကုန်ကျစရိတ်အားလုံးကို စဉ်းစားသုံးသပ်ပါ။ ကျောင်းအသုံးအဆောင်များအတွက် အသုံးစရိတ်သက်သာစေရန် ငွေစာရင်းတစ်ခုရေးဆွဲပါ။

practicalmoneyskills.com/backtoschool



## Building an Education Fund (ပညာရေးစရိတ်တစ်ရပ် စုဆောင်းခြင်း) | တွက်ချက်နည်းများ

ကောလိပ်ကျောင်း ပညာရေးစရိတ်သည် ကျူရှင်ကုန်ကျစရိတ်ထက် များစွာပိုပါသည်။ စာအုပ်စာတမ်းများ၊ ပစ္စည်းပစ္စယများ၊ နေထိုင်မှုနှင့် အစားအသောက်ကုန်ကျစရိတ်များ ထည့်တွက်ရန်လည်း  သတိရပါ။ စုဆောင်းရန်လိုအပ်သော စုစုပေါင်းငွေပမာဏကို တွက်ချက်ပါ။

practicalmoneyskills.com/buildinganeducationfund



## How Will My Savings Grow? (မိမိ၏ စုဆောင်းငွေ မည်ကဲ့သို့ တိုးပွားနိုင်မည်နည်း) | တွက်ချက်နည်းများ

အတိုးပေါင်းသည် ပုံမှန်စုဆောင်းငွေများနှင့် ကနဦး ဖြည့်သွင်းငွေများ၏ တိုးပွားမှုအပေါ် သိသာသော အကျိုးသက်ရောက်မှု ရှိနိုင်သည်။ သင်၏ ငွေကြေးဆိုင်ရာ အလေ့အထများကို ပြန်လည်သုံးသပ်ကာ စုဆောင်းငွေများ မည်ကဲ့သို့ တိုးပွားနိုင်မည်ကို ဆုံးဖြတ်ပါ။

practicalmoneyskills.com/savingsgrow



## Saving for a Goal (ရည်မှန်းချက်တစ်ခုအတွက် စုဆောင်းခြင်း) | တွက်ချက်နည်းများ

အကယ်၍ သင်အနေဖြင့် ခရီးစဉ်တစ်ရပ် သို့မဟုတ် တစုံတရာဝယ်ယူရန်အတွက် သီးခြားငွေဖယ်ထုတ်ရန် အခက်အခဲရှိနေပါက ရှေးဦးစွာ တစ်လလျှင် ရည်မှန်းချက်ပြည့်ဝရန် မည်မျှစုဆောင်းမည်ဆိုသည်ကို ဆုံးဖြတ်ပါ။

practicalmoneyskills.com/savingforagoal




## Econ 101 | ဆောင်းပါးများ

သင့်အနေဖြင့် ငွေကြေးဈေးကွက်များ သို့မဟုတ် စတော့ရှယ်ယာများအကြောင်း အနီးကပ်သင်တန်းတစ်ခုတက်ရောက်လိုပါက Practical Money Skills (ငွေကြေးဆိုင်ရာ လက်တွေ့အသုံးချကျွမ်းကျင်မှုများ)၏ သင်ခန်းစာများကို လေ့လာကြည့်ရှုပါ။ စီးပွားရေးအကြောင်း အလွယ်တကူ နားလည်သဘောပေါက်ရန် အထောက်အပံ့ပေးပါလိမ့်မည်။

practicalmoneyskills.com/econ101

For more information, visit
www.practicalmoneyskills.com

©2017 Visa Inc.

VISA | Practical Money Skills